# ကြိုးငြိနေသော ငှက်ကလေး

By Curtis Peter Van Gorder



ကျွန်တော်နှင့် ကျွန်တော်၏ ဇနီးတို့သည် ဩစတေးလျနိုင်ငံရှိ မြက်ထူထပ်သော လယ်ကွင်းပြင်တွင် လမ်းလျှောက်ခဲ့ကြပါသည်။ မြင်းများ အေးချမ်းစွာအစာစားနေသည့် စားကျက်ကို ကာရံထားသည့် ခြံစည်းရိုးအနီးမှ ဖြတ်သွားသောအခါ ကျွန်ုပ်တို့သည် ရုတ်တရက် သနားစရာကောင်းသော ဝုန်းဒိုင်းကြဲဆူညံသံကို ကြားလိုက် ရပါသည်။ စာကလေးငယ်တစ်ကောင်သည် ခြံစည်းရိုးကြိုးတွင် ငြိနေပါသည်။ မည်ကဲ့သို့ ဖြစ်သည်ကို မသိပါ။ သူ၏ ခြေထောက်သည် ခြံစည်းရိုးရှိ ဝါယာကြိုးနှင့် ငြိ၍ တွဲလောင်းဖြစ်နေပြီး စာကလေးသည် တောင်ပံတဖျပ်ဖျပ်ရိုက်ကာ ပတ်ချာ လှည့်၍ လွတ်မြောက်ရန် ကြိုးစားနေသော်လည်း အရာမရောက်ခဲ့။

သူ့ကို လွှတ်ပေးရန်အတွက် ကျွန်တော်တို့သည် အနီးသို့တိုး၍ သွားပါသည်။ သို့သော် အကူအညီမဲ့နေသည့် ငှက်ကလေးကို ကျွန်တော်တို့ ဘာမျှ လုပ်မပေးနိုင်ပါ။ ကျွန်တော်တို့ အနားသို့ တိုးသွားသောအခါ သူက လန့်၍ စူးစူးရှရှအော်ပြီး အသည်းအသန် ကြံရာမရဖြစ်ကာ တောင်ပံတဖျပ်ဖျပ် ခတ်နေပါသည်။ ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည် ကြိုးကို ဖြတ်ဖို့ရန် အိပ်ကပ်ထဲတွင် တစ်ခုခု ရှာဖွေကြည့်ပါသည်။ ကျွန်တော်ဇနီးသည်က အခက်အခဲမရှိဘဲ ကြိုးကိုဖြတ်နိုင်မည့်သော့ကို တွေ့ရှိခဲ့ပါသည်။ စာကလေးသည် ကျွန်တော်တို့ကို ကျေးဇူးတင်ရန် နောက်သို့ပင် လှည့်မကြည့်ဘဲ မြန်နိုင်သမျှမြန်စွာ ပျံသန်းသွားပါတော့သည်။

တစ်ခါတစ်ရံ ကျွန်တော်တို့သည်လည်း ထိုစာကလေးကဲ့သို့ ခံစားရပေလိမ့်မည်။ ကျွန်တော်တို့သည် ခက်ခဲသော အခြေအနေများနှင့် အနေအထားတို့တွင် ပိတ်မိနေသည်ဟု ခံစားရပါသည်။ ကျွန်တော်တို့ ပြင်ဆင်ထားမှု အနည်းဆုံးအချိန်တွင် ပြဿနာက ရောက်လာတတ်သည်ဟု ထင်ရပါသည်။ ကျွန်တော်တို့ အလုပ်ပြုတ်ချိန် (အလုပ်မှ ခေတ္တနားရချိန်) မကျန်းမာမှု ဝေဒနာ ခံစားနေရချိန် ကျွန်တော်တို့ချစ်သောသူတစ်စုံတစ်ယောက်နှင့် ငြင်းခုံမှုပြုနေရသော အချိန်ဖြစ်နိုင်ပါသည်။ ကျွန်တော်တို့ စိတ်ဓာတ်ကျဆင်းမှု ဖြစ်နေချိန်၊ အလုပ်မှ ဖိအားများ ကျရောက်ချိန် (သို့မဟုတ်) စီးပွားရေး ခက်ခဲချိန်များတွင်လည်း ဖြစ်နိုင်ပါသည်။

အကယ်၍ ကျွန်ုပ်တို့သည် ဤစာကလေးငယ်၏ ဆိုးရွားသည့် ဒုက္ခကို သတိရမည်ဆိုလျှင် ဘုရားသခင်သည် သူ့အား ကျွန်ုပ်တို့ ခွင့်ပြုပါက ကျွန်ုပ်တို့အားကူညီရန် အမြဲတမ်းကြိုးစားနေကြောင်း သဘောပေါက်ရန် အထောက်အကူရပါလိမ့်မည်။ ဘုရားသခင်ကို ယုံကြည်ခြင်းဆိုသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ဆောင်ရွက်ပေးသည်ကို သိရှိခြင်းဖြင့် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်သည် စိုးရိမ်ပူပန်ခြင်းမှ လွတ်မြောက်လျက် ငြိမ်းချမ်းစွာ နားနေနိုင်မည်ဟု ဆိုခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ လုပ်ဆောင်ရမည့်အရာအားလုံးမှာ ကောင်းကင်ဘုံမှ သူ၏မစမှုကို ယုံကြည်ရန်နှင့် လက်ခံရန်ပင်ဖြစ်သည်။ စာကလေးကဲ့သို့ ကျွန်ုပ်တို့သည် မိမိတို့၏ ပြဿနာများမှ ပျော်ရွှင်စွာ အဆုံးသတ်နိုင်မည့် အတွေ့အကြုံကို ရရှိနိုင်ပါသည်။

"ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍ ခွန်အားကို ပေးတော်မူ၏။ ဘေးရောက်သည့်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏"။
(ဆာလံ ၄၆း၁)

## ဆုတောင်းခြင်းဖြင့် – အသက်ကယ်ပါ။

Save A Life Pray!

By Chole West

သေရေးရှင်ရေး အခြေအနေများနှင့် ဆုံးရှုံးအရေးနိမ့်သည့်အနေအထားမှ အောင်မြင်မှုရအောင် စွမ်းဆောင်သွားခဲ့ခြင်းများကို ပုံဖော်ကြည့်ပါ။ ရေနစ်နေသောသူက ပစ်ပေးလိုက်သော သက်ကယ်ဖော့ကို ရလိုက်သည်။ တစ်စုံတစ်ယောက်က ချည်နှောင်ထားသည့် အနှောင်အဖွဲ့မှ လွတ်မြောက်သွားသည်။ စွန့်ပစ်ခံရသည့် ကလေးငယ်အား သူတစ်ပါးမှ တွေ့ရှိ၍ ကျွေးမွေးပြီး ချစ်ခြင်းခံရသည်။ ရေစီးသန်သောမြစ်ကိုဖြတ်၍ တံတားဆောက်ထားသောကြောင့် အန္တရာယ်ကြားမှ လူများသည် ဖြတ်ကူးနိုင်ပါသည်။ ရဟတ်ယာဉ်တစ်စင်းက နစ်မြုပ်ဆဲသင်္ဘောမှ ခရီးသည်များနှင့် သင်္ဘောသားများကို ထူးဆန်းစွာ ကယ်တင်ပေးသည်။ ယင်းအမှုအရာများမှာ ကျွန်ုပ်တို့ ဆုတောင်းသောအခါ ဘုရားသခင်ပြုသောအမှုပင်ဖြစ်သည်။

ကျွန်ုပ်တို့ ဆုတောင်းသောအခါ အံ့ဩဖွယ်ကောင်းသော တန်ခိုးတော်က ကြားဝင်၍ ဆောင်ရွက်နိုင်ရန် ကျွန်ုပ်တို့သည် တံခါးကို ဖွင့်ပေးပါသည်။ အကူအညီ လိုအပ်သူများကို ကယ်ဆယ်ရန်အတွက် ဘုရားသခင်၏ လက်တော်ကို ကျွန်ုပ်တို့ လှုပ်ရှားခွင့်ပြုခြင်းဖြစ်သည်။

နောက်တစ်ကြိမ်သင်သည် အချို့သူများ (သို့မဟုတ်)အချို့အခြေအနေများအတွက် ဆုတောင်းသောအခါ အရာရာကို ပြောင်းလဲရန်သာ လိုအပ်ကြောင်းရပ်၍ စဉ်းစားပါ။ ထို့နောက် ဘုရားသခင်၏ လက်တော်က ထူးဆန်းအံ့ဩဖွယ်ရာနည်းလမ်းဖြင့် ဝင်ရောက်စွက်ဖက်နေသည်ကို ပုံဖော်ကြည့်ပါ။

သင်၏ ယုံကြည်ခြင်းအဆင့်ပေါ်မူတည်၍ သင်၏ ဆုတောင်းများကို အဖြေပေးသည့်အနေနှင့် သင့်အတွက် လုပ်ဆောင်ပေးလိမ့်မည်။

ယုံကြည်ခြင်းပါလျက် ပဌနာပြု၍ ဆုတောင်းသမျှကို သင်တို့သည် ရကြလိမ့်မည်ဟု မိန့်တော်မူ၏။
(မဿဲ ၂၁း၂၂)

ထို့ကြောင့် ငါဆိုသည်ကား သင်တို့သည် ဆုကျေးဇူးကို ရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။ (မာကု ၁၁း၂၄)

တောင်းကြလော့ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကို ခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူမည်သည်ကားရ၏။ ရှာသောသူလည်းတွေ့၏။ ခေါက်သောသူအားလည်း တံခါးကို ဖွင့်၏။
(မဿဲ ၇း၇-၈)

ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့ဖြင့်ရှာလျှင်တွေ့ကြလိမ့်မည်။ ငါသည်လည်း သင်တို့အတွေ့ကိုခံမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ (ယေရမိ ၂၉း၁၃-၁၄)